အထူး ကျေးဇူးတင်ပြီး သူ့ရဲ့ ဇေ၀ဂေလိလုပ်ငန်း ဆထက်တပိုး တိုးတက်ပါစေလို့ မေတ္တာ ပို့ပါတယ်။ ॥ *အန်တီတစ်ဦး*

---

## ခရစ်စမတ်ကိုချစ်တယ် *(မင်းအောင်သက်လွင်)*

ခရစ္စမတ် ရောက်လို့ ကယ်ရယ်စင်းင်း (Carol singing) ထွက်ဆိုရတဲ့ အရသာဟာ ကလေးဘ၀မှာ ဘာနဲ့မှ လဲလို့ မရတဲ့ အရာတစ်ခုပါ။ စာမေးပွဲတွေ ရှိတဲ့ အတွက် လူကြီးမိဘတွေတားတဲ့ ကြားက ဆောင်းနှင်းဖွေးဖွေး ချမ်းချမ်းအေးအေးမှာ သူငယ်ချင်းတွေနဲ့ တစ်အိမ်တက်ဆင်း ခရစ္စမတ် နှုတ်ဆက်သီချင်းလိုက်ဆို၊ အိမ်ရှင်တွေက ဧည့်ခံကျွေးမွေးတဲ့ အစာတွေ လိုက်စား။ အိုး … ဘယ်လောက်ပျော်စရာကောင်း လိုက်သလဲ။ ငယ်ငယ်တုံးက ‘လ’တကာ လ တွေထဲမှာ ဒီဇင်ဘာလ ကို အကြိုက်ဆုံးပါ။ (အခုထိလဲ ကြိုက်နေဆဲပါဘဲ။) ကျွန်တော် အသက် ၁၈နှစ်မှာ ဆန်းဒေးစကူးလ် ဆရာ ဖြစ်လာတော့ သူငယ်ချင်းတွေနဲ့ မပျော်ရတော့ဘဲ၊ ကိုယ့်တပည့်တွေ ဖြစ်တဲ့ ဆန်းဒေးစကူးလ် ကလေးတစ်သိုက်ကို ဦးဆောင်ပြီး ညဘက်မှာ ရပ်ကွက် အနီးအနား တစ်ဝိုက်မှာ အသက် ၅နှစ်မှ ၁၈နှစ် အကြားရှိတဲ့ ကလေးငယ် အယောက် သုံးဆယ်ခန့်ကို တာဝန်ယူပြီး သီချင်းလှည့်ဆိုရတာ တာဝန်ကြီးလှပါတယ်။ ဆန်းဒေးစကူးလ် ကလေးတွေ အအေးမိ နှာစေးမှာ၊ ခွေးကိုက် ခံရမှာ၊ အရက်မူးသမားတွေ လိုက်နှောက်ယှက်ခံရမှာ၊ အချင်းချင်း ရန်ဖြစ်မှာ စတဲ့ ပူပင်စရာတွေ များစွာနဲ့မို့ သီချင်း မထွက်ဆိုချင်ပေမဲ့ ကလေးတွေက ဆန္ဒ သိပ်ရှိနေတာကြောင့် မိဘတွေဆီ လိုက်လံ ခွင့်တောင်း တာဝန် ခံပြီး ခရစ္စမတ် မတိုင်ခင် တစ်ပါတ်လောက် အလိုမှာ သီချင်းထွက်ဆို ဖြစ်ခဲ့ပါတယ်။ ပထမ တစ်နှစ်မှာ ယုံကြည်သူ ခရစ်ယာန် အိမ်တွေကိုဘဲ ရွေးဆိုခဲ့တဲ့အတွက် ယုံကြည်သူ တွေက ကျွန်တော်တို့ ဆန်းဒေးစကူးလ် ကလေးအဖွဲ့ကို အလှူငွေတွေ ပေးကြပါ တယ်။ အလှူငွေတွေ ရလာတော့ နှစ်ပုံစီ ခွဲပြီး တစ်ဝက်ကို ရန်ကုန် နားမကြား ကျောင်းက ကလေးတွေ အတွက် စာရေးကိရိယာတွေကို တတ်နိုင်သလောက် ဝယ်ပြီး သွားလှူခဲ့ပါတယ်။ ကျန်တဲ့ တစ်ဝက်ကိုတော့ ကျွန်တော့် ဆန်းဒေးစကူးလ် ကလေး တွေရဲ့ ခရစ္စမတ် လက်ဆောင်နဲ့ အကျွေးအမွေး အတွက် ဖယ်ထားခဲ့ပါတယ်။ ကလေး တွေက သူတို့ သီချင်း လိုက်ဆိုလို့ရတဲ့ အလှူငွေကို သူတို့ ကိုယ်ရေးကိုယ်တာ အတွက်ဘဲသုံးချင်ကြပါတယ်။

ဒါပေမဲ့ ကျွန်တော်က ဒီလောကထဲမှာ ဒုက္ခိတ ကလေးတွေ ရှိကြောင်း၊ ဒုက္ခိတ ကလေးတွေကို သနားကြင်နာရမှာ ဖြစ်ကြောင်း မိမိမှာရှိတဲ့ အရာကို အငယ်ဆုံးသော သူလို့ သခင်ယေရှု သွန်သင်ထားတဲ့ ဒုက္ခသည်တွေကို ပေးလှူရမှာ ဖြစ်ကြောင်း ပြောပြရင်း ကျွန်တော့် ဆန်းဒေးစကူးလ် ကလေးတွေကို နားမကြားကျောင်းက ကလေးတွေဆီ ခေါ်သွားခဲ့ပြီး သူတို့ကိုယ်တိုင် လှူဒါန်း စေခဲ့ပါတယ်။ နားမကြား ကလေးတွေနဲ့ သူတို့ကို တစ်နေ့တာ အတူတူ နေစေခဲ့ပြီး၊ နားမကြား ကလေးတွေရဲ့ ဘ၀ကို အနီးကပ် လေ့လာစေခဲ့ပါတယ်။ နားကြားတဲ့ ကလေးနဲ့ နားမကြားတဲ့ ကလေး ချင်းက ကလေးချင်း အတူတူမို့ သူတို့ အချင်းချင်း မိတ်သဟာယ ဖွဲ့ကြ၊ လေ့လာကြ၊ အသိအမြင်တွေ ဖလှယ်ကြပါတယ်။ တန်ဖိုး ကြီးကြီး မားမား မဟုတ်ပေမဲ့ ခရစ္စမတ် သီချင်းဆိုလို့ ရတဲ့ အလှူငွေထဲက တတ်နိုင်သလောက် ရတဲ့ ငွေနဲ့ စာအုပ်တွေ၊ ခဲတံတွေ၊ ခဲဖျက်တွေကို နားမကြား ကျောင်းက ကလေးတွေအတွက် ဝယ်ပြီး သွားလှူခဲ့တဲ့ အတွက် ကျွန်တော့် ဆန်းဒေး စကူးလ် ကလေးလေးတွေ အရမ်း ပျော်ကြပါတယ်။ သူတို့ဘ၀မှာ တစ်ခါဖူးမှ မလုပ်ဖူးတဲ့ ကုသိုလ်မို့ သူတို့ အရမ်း ကြည်နူးကြပါတယ်။ ကိုယ်လက်အင်္ဂါတွေထဲမှ အကြား အာရုံ ချို့ယွင်းနေတဲ့ သူတွေကို မြင်တဲ့အခါမှာ ကိုယ်အင်္ဂါ မချို့ယွင်းတဲ့ ကိုယ့်ဘ၀ အတွက် ဘုရားသခင်ကို ကျေးဇူး တင်ဖို့နဲ့ ကိုယ်အင်္ဂါ ချို့ယွင်းတဲ့ သူတွေကို သနား ကြင်နာ တတ်ဖို့ သင်ခန်းစာတွေ သူတို့ ရသွားခဲ့ပါတယ်။ နောက်တစ်နှစ်မှာတော့ ယုံကြည်သူ ခရစ်ယာန်အိမ်တွေကို သွားမဆိုတော့ ဘဲ မယုံကြည်သူတွေ အိမ်ကို ရွေးပြီး သွားဆိုဖို့ ကလေးတွေနဲ့ တိုင်ပင်ပြီး ဆုံးဖြတ် လိုက် ကြပါတယ်။ ကလေးတွေကလဲ သဘောတူပါတယ်။

ကလေး တစ်ယောက်စီရဲ့ ကျောင်းက အခင်မင်ဆုံး မယုံကြည်သူ အနည်းဆုံး သူငယ်ချင်း တစ်ယောက်ယောက်ရဲ့ အိမ်မှာ ညဘက် ခရစ္စမတ် သီချင်း လာဆိုဖို့ အဲဒီ သူငယ်ချင်း ဆီမှာ ခွင့်တောင်းဖို့ တာဝန် ပေးလိုက်ပါတယ်။ ကျေးဇူးတော်ပါဘဲ၊ ကျွန်တော့် ဆန်းဒေး စကူးလ် ကလေး တွေက သူတို့ ကျောင်းက မယုံကြည်သူ သူငယ်ချင်း တစ်ယောက်စီကို ဖိတ်ထားပြီး ညရောက်တော့ ကလေး တစ်သိုက် (အယောက် ၃၀ခန့်)ကို မယုံကြည်သူ ရပ်ကွက်ထဲ ခြေလျင် လျှောက်ပြီး သီချင်းသွားဆိုခဲ့၊ ကယ်တင်ခြင်း တရားဟောတဲ့ ဝေစာ စာရွက် လေးတွေ ဝေငှ ခဲ့ပါတယ်။ မယုံကြည်သူ သူငယ် ချင်းတွေနဲ့ မိသားစုတွေကလဲ ကျွန်တော်တို့ အဖွဲ့ကို လိုလိုလားလား လက်ခံကြ ပါတယ်။ မယုံကြည်သူ နောက်ရပ်ကွက် တစ်ခုထဲ ရောက် သွားချိန်မှာတော့ တစ်ရပ်ကွက်လုံး မယုံကြည်သူ အိမ်တွေ များတဲ့အပြင် ည သန်းခေါင်ယံ အချိန်လဲ ဖြစ်နေခဲ့ပြန်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အသုဘ အိမ် တစ်ခုကလဲ ရှိနေတဲ့အတွက် ရပ်ကွက်ထဲက လူတွေက အဲဒီ အသုဘအိမ်မှာ အသုဘ စောင့်ရင်း ဖဲရိုက် အရက် သောက်နေကြပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် နည်းနည်း တွေဝေသွားပါတယ်။ အဲဒီ အသုဘ အိမ်နားမှာ ခရစ္စမတ် သီချင်း ဆိုစရာ အိမ်ကလဲ ကျွန်တော့် ဆန်းဒေးစကူးလ် ကလေးမ ဖိုးမူဆိရဲ့ အတန်းပိုင် ဆရာမအိမ် ဖြစ်နေတော့ သီချင်း လာဆိုမယ်လို့ ပြောထားပြီး မဆိုဖြစ်ခဲ့ရင် ဆရာမ စိတ်ဆိုးမှာလဲ ကြောက် မိသလို သီချင်း ဆိုလိုက်ပြန်ရင်လဲ တိတ်ဆိတ်နေတဲ့ အချိန်မှာ ဝမ်းနည်း ပက်လက် ဖြစ်နေတဲ့ အသုဘရှင်တွေကို အားနာမိသလို ဖဲဝိုင်းထဲ အာရုံရောက်နေတဲ့ သူတွေက ကျွန်တော် တို့ သီချင်းသံကြောင့် အနှောင့်အယှက်ဖြစ်သွားမှာ စိုးရိမ် မိပြန် ပါတယ်။ စိတ်ဆိုးတတ်တဲ့ အရက်မူးသမားတွေက လာရမ်းကားမှာလဲ စိုးရိမ် မိပြန်ပါတယ်။ သီချင်း ဆိုသင့် မဆိုသင့် ချင့်ချိန်နေတုံးမှာ ကလေးတွေက ဆိုမယ်လို့ တညီတညွတ်တည်း ဆန္ဒ ဝိုင်းပြုကြတာကြောင့် ဆရာမရဲ့ အိမ်မှာ သီချင်းဆိုဖို့ ခွင့်ပြုလိုက်ပါတယ်။ ကလေးတွေပီပီ သီချင်းကို အားရပါးရ အော်ဆိုတတ်တာကြောင့် ကျွန်တော်က အခုလို မယုံကြည်သူ ရပ်ကွက်ထဲမှာ သီချင်းကို နင်းကန် အော်မဆိုဘဲ လူကြားလို့ ကောင်းအောင် တိုးတိုး ညင်ညင် သာသာနဲ့ ကောင်းကောင်းဆိုဖို့ သတိပေး လိုက်ပါတယ်။

တိတ်ဆိတ်နေတဲ့ ည အချိန်မှာ ကျွန်တော့်ရဲ့ ဂီတာကို ညင်သာစွာ စတင် တီးခတ်လိုက်ချိန်မှာတော့ ကလေးတွေရဲ့ သာယာတဲ့ သီချင်းသံ ထွက်ပေါ်လို့ လာခဲ့ပါတယ်။ အေးဆေးညိမ့်ညောင်းတဲ့ သံစဉ်နဲ့ သီချင်းသုံးပုဒ်ဘဲ ဆိုဖို့ဆုံးဖြတ်ပြီး ပထမ အပုဒ် ဆိုအပြီးမှာ ဖဲဝိုင်းထဲက လူတွေ ထလာကြပါတယ်။ ဒုတိယ အပုဒ် ပြီးချိန်မှာတော့ ဆရာမ အိမ်တံခါး ပွင့်လာသလို ဘေးအိမ်တွေကလဲ နိုးလာပြီး မီးတွေဖွင့် တံခါးတွေ ပွင့်လာကြပါတယ်။ တတိယနဲ့ နောက်ဆုံး တစ်ပုဒ် ဆိုချိန်မှာတော့ တစ်ရပ်ကွက်လုံးနီးပါးက ကလေးလူကြီးတွေ အားလုံး ဆရာမ ခြံဝိုင်းလေးထဲ ဝင်လာပြီး ခရစ္စမတ် သီချင်းဆိုနေတဲ့ ကျွန်တော်နဲ့ ကလေးတစ်သိုက်ကို ဝိုင်းရံထားလိုက်ကြပါတယ်။ ကျွန်တော်တို့ အားလုံးရဲ့ စိတ်ထဲမှာတော့ သူတို့ ရပ်ကွက်ထဲ သီချင်းလာဆိုတဲ့ ငါတို့ အဖွဲ့ကို ပြူစူဆဲဆို မောင်းထုတ်မလားဆိုတဲ့ သံသယ စိုးရိမ်စိတ်လေးတွေ ကိုယ်စီနဲ့ပေါ့။ လူတွေ များလာလေ၊ ကျွန်တော်က ပိုစိုးရိမ်လေပါဘဲ။ ပြဿနာ တစ်ခုခု ဖြစ်ရင် ကျွန်တော်တို့ ဘက်မှာက ကလေးငယ်လေးတွေနဲ့ မိန်းမပျိုလေးတွေဘဲ ပါတဲ့အပြင် ယောကျ်ားသား ကြီးကြီးမားမားဆိုလို့ ကျွန်တော် တစ်ယောက်ဘဲ ရှိတာမို့ အရက်မူးသမားတွေ ရန်စ ရမ်းကားမှာကို အရမ်း စိုးရိမ်ခဲ့ရပါတယ်။ သီချင်း သီဆိုပြီးဆုံးချိန်မှာတော့ ဝိုင်းရံထားတဲ့ လူအုပ်ကြီးက အပြစ် မတင် တဲ့အပြင် နောက်ထပ် တစ်ပုဒ် နှစ်ပုဒ် ဆက်ဆိုပေးပါအုံး၊ သူတို့ အိမ်မှာလဲ လာဆို ပေးပါအုံးလို့ ဝိုင်းခေါ်ကြပါတယ်။ ဆိုရမဲ့ အိမ်တွေက များတာမို့ ကျွန်တော် က ရပ်ကွက် အလယ်ကောင်မှာ တစ်လမ်းလုံးကြားအောင် စုပေါင်းပြီး ဆိုပေးပါ့မယ် ဆိုတဲ့ အကြံပြုချက်ကို သူတို့က လက်ခံတဲ့အတွက် တစ်ရပ်ကွက်လုံးအတွက် နောက်ထပ် သီချင်းခြောက်ပုဒ် ဆိုခဲ့ရပါတယ်။ သီချင်းဆိုပြီးတော့ ပါလာတဲ့ ကယ်တင်ခြင်းတရား ရေးသားချက် ဝေစာလေးတွေကို ဝေငှပြီး သူတို့ လမ်းထဲက ထွက်လာတဲ့ ကျွန်တော် တို့ ကလေးအဖွဲ့တစ်သိုက်ကို မယုံကြည်သူတွေက လမ်းထိပ်အထိ လိုက်ပို့ကြပါတယ်။ နောက်နေ့ (နောက်နှစ်) တွေမှာလဲ အခုလို လာရောက် သီဆို နှုတ်ခွန်းဆက်ဖို့ တဖွဖွ မှာကြားကြပါတယ်။ ကျွန်တော်တို့ အဖွဲ့လဲ ကြောက်ကြောက်လန့်လန့်နဲ့ ပြန်လာခဲ့ရပါတယ်။

အိမ်ရောက်လို့ ပြန်တွေးမိမှ ဝိညာဉ်ရေးရာ ကယ်တင်ခြင်း သတင်းစကားကို တစ်ခါဘူးမှ မကြားဖူးသူ မယုံကြည်သူ ရပ်ကွက်ထဲက လူတွေရဲ့ ဝိညာဉ်ရေးရာ အတွက် စဉ်းစားမိသလို ကျွန်တော်တို့ အဖွဲ့ကို လိုလိုလားလား လက်ခံ ခဲ့တာကို ပြန်တွေးရင်း ကြည်နူးမိပါသေးတယ်။ ဒီအဖြစ်အပျက်လေးတွေက ကြာခဲ့ပါပြီ။ ကျွန်တော်လဲ ပြည်ပမှာ အလုပ်သွားလုပ်နေရတာမို့ အရင်ကလို ဆန်းဒေးစကူးလ် မသင် နိုင်ခဲ့၊ ကလေးတွေကို ဦးမဆောင်နိုင်ခဲ့တော့ပါဘူး။ ဒုက္ခသည် နားမကြား ကျောင်းက ကလေးတွေအတွက် ကယ်ရယ်စင်းင်း လိုက်ဆိုရင်းလဲ ရံပုံငွေ မရှာနိုင်ခဲ့တော့သလို မယုံကြည်သူ ရပ်ကွက်ထဲလဲ သတင်းကောင်း သီချင်းနဲ့ ဝေစာတွေ မဝေငှ နိုင်တော့ပါဘူး။ အခု ဒီစာမူကို ရေးသားနေချိန်မှာ ခရစ္စမတ် မရောက်သေးတာမို့ ခရစ္စမတ် ရောက်လာခဲ့ရင် အငယ်ဆုံးသော သူများအတွက်၊ မယုံကြည်သူများ အတွက် သတင်းကောင်းတစ်ခုခု (သို့) အကူအညီတစ်ခုခု ပေးနိုင် လုပ်နိုင်ဖို့ ပြင်ဆင်နေဆဲပါ။ စာဖတ်သူ မိတ်ဆွေရော ဒီနှစ်ခရစ္စမတ်မှာ ထုံးတမ်းစဉ်လာ သာမာန် ရိုးရာပွဲ တစ်ခုလို ဆင်နွဲမှာလား၊ ဘုရားသခင် နှစ်သက်သော အစီအစဉ်နဲ့ ဆင်နွဲမှာလား ဆိုတာကို ကျွန်တော့်ရဲ့ ကိုယ်တွေ့ သက်သေခံချက်လေးနဲ့ သတိပေးလိုက်ပါတယ်။ သခင့် အလိုအတိုင်း အသက်ရှင်ရင်း ခရစ္စမတ်ကို ချစ်နိုင်ကြပါစေ။ ॥

*မင်းအောင်သက်လွင်*



*သခင့်စကား* ဝိညာဉ်ရေးရာစာစောင်၊ အမှတ်စဉ် ၁၀၀ (ရာပြည့်အမှတ်တရ)၊ ဒီဇင်ဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် စာပေဝါသနာရှင်များ ဝိုင်းဝန်းရေးသားပြီး မြန်မာအသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် *ကန့်သတ်* ထုတ်ဝေသည်။ (၂၀၀၁ ခုနှစ် စက်တင်ဘာလ ကတည်းက စတင်ဖြန့်ဝေသည်)